# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၆/၂၀၁၈)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ်(၆/၂၀၁၈)ကို ၂၀၁၈ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၈)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြု လုပ်ငန်း (၁) ခုနှင့် အတည်ပြု လုပ်ငန်း(၂)ခု ခွင့်ပြုခဲ့ပါသည်။ ဧရာဝတီ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုခဲ့သည့် လုပ်ငန်း (၁)ခု ရှိသဖြင့် ယခုအစည်းအဝေး ကာလတွင် စုစုပေါင်း လုပ်ငန်း (၄)ခုမှ ရင်းနှီး မြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၅၄.၅၃၀)သန်းကို ခွင့်ပြု/ အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၄,၃၀၆) ခုကို ဖန်တီးပေး မည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း(၄)ခုမှာ စက်မှုကဏ္ဍ လုပ်ငန်း (၁)ခု၊ အခြား ဝန်ဆောင်မှု ကဏ္ဍ (၁)ခု၊ လယ်ယာကဏ္ဍ (၁)ခုနှင့် အိမ်ယာ အဆောက်အဦ တည်ဆောက် ဖွံ့ဖြိုးမှု ကဏ္ဍ (၁)ခုတို့ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ၂၀၁၈ ခုနှစ် မေလ အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၇)ခု၊ ရင်းနှီး မြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၆၃.၈၃၇)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ  အမေရိကန်ဒေါ်လာ (၁၀၈.၉၇၂ )သန်း ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါ အထူးစီးပွား ရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၂၁.၈၀၀) သန်း ခွင့်ပြုခဲ့သဖြင့် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၆၆.၀၁၉) သန်း ဖြစ်ပါသည်။

အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၈)တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၀) ခု ကို အတည်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် ဧရာဝတီတိုင်း ဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း (၇)ခု နှင့် ကယားပြည်နယ် ရင်းနှီး မြှုပ်နှံမှု ကော်မတီက အတည်ပြု ပေးခဲ့သည့် လုပ်ငန်း (၁)နှင့် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှု ကော်မတီမှ အတည်ပြုသည့် လုပ်ငန်း (၂)ခုရှိသဖြင့် စုစုပေါင်း လုပ်ငန်း(၁၀)ခုမှ ရင်းနှီးမြှုပ်နှံ မှုပမာဏ အမေရိကန် ဒေါ်လာ (၇.၄၂၃) သန်း အပါအဝင် ကျပ် (၃၂,၅၉၆.၈၃၄) သန်း အတည်ပြု ပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်း လုပ်သားများ အတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း(၇,၃၆၀)ခု ကို ဖန်တီးပေးမည်

Email: dica@mptmail.net.mm
Website: www.dica.gov.mm

ဖြစ်ပါသည်။ အတည်ပြု လုပ်ငန်း (၁၀)ခု မှာ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ(၄)ခု၊ စက်မှုကဏ္ဍ (၂)ခု၊ အခြားကဏ္ဍ (၁) ခု၊ အိမ်ယာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ (၂)ခုနှင့် လျှပ်စစ် ကဏ္ဍ (၁)ခု တို့ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လအတွင်း ၂၀၁၈ ခုနှစ် မေလ အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၄)ခု၊ အမေရိကန် ဒေါ်လာ (၁၁၃.၄၆၉) သန်း အပါအဝင် ကျပ်(၆၃၅,၇၈၅.၆၉၇) သန်း ဖြစ်ပါသည်။ ရင်းနှီး မြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၁၄.၆၁၇) သန်း အပါအဝင် ကျပ်(၆၄၄,၈၇၆.၉၆၇)သန်း ခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm